


၃၀ ဩဂုတ် ၂၀၁၇
ပါမောက္ခ **Clement Tham**
ညီလာခံဥက္ကဋ္ဌ
၃၃ကြိမ်မြောက် **Asia Pacific Academy of Ophthalmology** ညီလာခံ

ပါမောက္ခ **Tham**

မြန်မာနိုင်ငံ မျက်စိရောဂါပညာအဖွဲ့ကိုယ်စား ကျွန်မအနေဖြင့် ၂၀၁၈ ဖေဖော်ဝါရီ ၈ ရက် မှ ၁၁ ရက်အထိ ဟောင်ကောင်ညီလာခံနှင့်ပြပွဲခန်းမတွင် ကျင်းပမည့် ၃၃ ကြိမ်မြောက် **Asia Pacific Academy of Ophthalmology (APAO)** ညီလာခံကို လှိုက်လှဲစွာ ကြိုဆိုထောက်ခံပါသည်။

လွန်ခဲ့သောနှစ်များ တလျှောက်လုံး ကျွန်မတို့ အာရှပစိဖိတ်ဒေသတွင် **APAO** ညီလာခံသည် ထိပ်သီး မျက်စိဆိုင်ရာဆွေးနွေးပွဲဖြစ်လာပြီး၊ နိုင်ငံတကာမှ ထင်ရှားကျော်ကြားသော ပညာရှင်များ၏ စိတ်ဝင်စားမှုကိုလည်း အထူးတလည် ရရှိလာပါသည်။ သိပ္ပံဆိုင်ရာအစီအစဉ်တွင် အာရှပစိဖိတ်ဒေသရှိ မျက်စိဆရာဝန်များနှင့် အမြင်ဆိုင်ရာ သိပ္ပံပညာရှင်များနှင့် အထူးသက်ဆိုင်သော နောက်ဆုံးပေါ်နည်းပညာများ၊ နိုင်ငံတကာနည်းလမ်းများကို တင်ပြသွားမည်ဖြစ်သည်။ ဤပညာရပ်ဆိုင်ရာ အခမ်းအနားကို ကျွန်မတို့ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် လက်လွှတ်မခံသင့်ပါ။

မြန်မာနိုင်ငံမျက်စိရောဂါပညာအဖွဲ့သည် **APAO** ညီလာခံကို အပြည့်အဝထောက်ခံပြီး၊ အဖွဲ့ဝင်အားလုံးကိုလည်း ဟောင်ကောင်တွင် ကျင်းပမည့် လာမည့်ညီလာခံကို မှတ်ပုံတင်ရန် တိုက်တွန်းအပ်ပါသည်။ ကျွန်မတို့သည် ဤညီလာခံကို မြန်မာနိုင်ငံရှိ အခြားမျက်စိကုသခြင်းဆက်စပ်လျက်ရှိသော အသင်းအဖွဲ့များကိုလည်း အသိပေးအကြောင်းကြား မည်ဖြစ်သည်။

အားလုံးကို ဟောင်ကောင်တွင် မကြာခင် တွေ့ဆုံရန်မျှော်လင့်ပါသည်။

လေးစားစွာဖြင့်

ပါမောက္ခချောချောခိုင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံမျက်စိရောဂါပညာအဖွဲ့